မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၈၂)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ✻ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ✻ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတရုံး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ
နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို
ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၃

နိုင်ငံတော်သမ္မတရုံး၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များ

စာမျက်နှာ ၈ ကော်လံ ၁ ◆

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဓမ္မိကာရာမကျိုက်ပိကျောင်း ပဓာနနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇူလိုင် ၁၄ ရက်)

ကျေးလက်ပြည်သူများ စာပေဗဟုသုတပြည့်ဝရေး ပြည်သူများ လက်တွဲပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်ကြပြီး လယ်ယာ၊ သားငါး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၌ အများဆုံးဆောင်ရွက်နေကြသည့် နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်မှု စွမ်းအားစုကြီး ဖြစ်သည်။

ကျေးလက်ဒေသကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်အခန်းကဏ္ဍက ပါဝင်နေသကဲ့သို့ ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာလျှင် ဆင်းရဲနွမ်းပါးမှုများ လျော့ကျလာမည်ဖြစ်သည်။

ကျေးလက်ဒေသတွင်နေထိုင်သောပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးလက်ဒေသနေပြည်သူများ အသိပညာဗဟုသုတပြည့်ဝရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ စာပေဖတ်ရှုလေ့လာနိုင်ရေးတို့သည် အရေးကြီးသော အကြောင်းရပ်များဖြစ်သည်။ ကျေးလက်ပြည်သူ စာပေတတ်မြောက်ပြီး ဉာဏ်ပညာများ ပြည့်စုံကြွယ်ဝမှသာလျှင် ၎င်းတို့ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နည်းပညာများ တိုးတက်ပြောင်းလဲနေသည့်အလျောက် စိုက်ပျိုးနည်းပညာများ၊ မွေးမြူရေးနည်းပညာကို ကျေးလက်နေပြည်သူများ သိရှိရန်လိုအပ်လျက်ရှိရာ ထိုနည်းပညာများကို စာပေဗဟုသုတများမှ အများဆုံးရရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍လည်း ကျေးလက်ဒေသများ၌ စာပေဗဟုသုတများ လေ့လာရှာမှီးနိုင်မည့် ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

ယခုအခါ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်း(၈)ခု ဖြစ်သည့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်သမဝါယမ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများအောင်မြင်ရန်အတွက် ကျေးရွာစာကြည့်တိုက်များသည် များစွာအထောက်အကူပြုမည် ဖြစ်သည်။

သို့ဖြစ်ပေရာ ကျေးလက်ပြည်သူများ စာပေဗဟုသုတပြည့်ဝရန်အတွက် စာကြည့်တိုက်များတည်တံ့ ခိုင်မြဲရေး၊တိုးချဲ့ဖွင့်လှစ်နိုင်ရေးကို ပြည်သူများကလည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ငပုတောမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ငပုတော ဇူလိုင် ၁၃

ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး ဇူလိုင် ၃ ရက် နံနက်က ငပုတောမြို့နယ် တောင်ပိုင်းရပ်ကွက် သိမ်တော်ကြီးလမ်း ရှင်ဆပ္ပဒကုန်းမြေ နေရာတွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဇော်လင်း၊ မြို့နယ် သစ်တောဦးစီးအရာရှိ ဦးအောင်ခိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းညွန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများက ရတနာတန်းဝင်ကျွန်း ၄၅၀၊ မဟော်ဂနီ ၄၀၀နှင့် ပျဉ်းကတိုး၄၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏(၁၇)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက် (၈၀)နှင့်အထက် အသင်းဝင်များနှင့် မိဘများ၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ နာယက ဦးမြင့်အောင် ဖုန်း-၇၂၃၈၄၉၊ နာယက ဦးစံတင် ဖုန်း-၇၀၉၂၁၈၊ ဥက္ကဋ္ဌ ဦးသိန်းထွန်း ဖုန်း-၃၈၁၉၆၁၊ ဒုတိယ ဥက္ကဋ္ဌ ဦးမင်းရွှေ ဖုန်း-၅၉၉၂၃၉၊ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်သာထွန်း ဖုန်း-၅၇၂၂၅၈နှင့် အတွင်းရေးမှူးဦးသန်းရွှေဖုန်း-၀၉-၇၃၀၂၄၁၉၄ တို့ထံသို့ဆက်သွယ်၍ စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှု ကြည့်မြင်တိုင်မြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား ပြည်သူလူထု အခြေပြုအိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း အခမ်းအနားကို ဇူလိုင် ၈ ရက် နံနက်က ကြည့်မြင်တိုင် အထက(၁) မြဝတ်ရည်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး လက်ထောက်ဆရာဝန် ဒေါက်တာစိမ့်စိမ့်မြတ်၊ ရန်ကုန်တိုင်းဒေသကြီး ခုခံအားကျ/ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ တင်မိမိခိုင်၊ ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါတိုက်ဖျက်ရေး ဆရာဝန် ဒေါက်တာရီရီဆွေ၊ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်မိမိအောင် တို့က ကျန်းမာရေး ဆောင်ရွက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးကြသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ဈေးကလေးရပ်ကွက်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များရှိရာသို့ အိမ်တိုင်ရာရောက် သွားရောက်ပြီး ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးကြကာ ငွေကျပ်သုံးသိန်းကျော်တန်ဖိုးရှိ ဆေးဝါးနှင့်အစားအစာ၊လူသုံးပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (၀၄၂)**

သီပွံနည်းကျစိုက်နည်းစနစ် ကျွန်းလှ၌ ပညာပေးဆွေးနွေး

ကျွန်းလှ ဇူလိုင် ၁၃

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်၌ ချည်မျှင်ရှည်ဝါ တစ်ဧကပိဿာ ၁၀၀၀ နှုန်းထွက်ရှိရေးအတွက် သီပွံနည်းကျစိုက်နည်းစနစ်များ ပညာပေးဆွေးနွေးပွဲကို ဇွန် ၂၁ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်စိုးမင်းက စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်စိန်က စီမံကိန်းရည်မှန်းချက်တာဝန်နှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဝါနှင့် ပိုးချည်လုပ်ငန်း မန်နေဂျာ ဒေါ်မြင့်မြင့်ရီက ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကာ ရွှေဘိုခရိုင် ဝါနှင့်ပိုးချည်လုပ်ငန်း တာဝန်ခံ ဒေါ်မာချိုက ချည်မျှင်ရှည်ဝါတစ်ဧက ပိဿာ ၁၀၀၀ နှုန်းထွက်ရှိရေးအတွက် သီပွံနည်းကျ စိုက်နည်းစနစ်များနှင့်အညီ စိုက်ပျိုးရေးတောင်သူများအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမရှေ့ရင်ပြင်၌ မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၃ ရက်က အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကြီးကြပ်လျက် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးကြည်နှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအုပ်စု ရိုးမကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်း၏ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင် ဦးဆောင်၍ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများက ရတနာတန်းဝင်ကျွန်းပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်၏ ခရီးစဉ်နှင့်ပတ်သက်သော နှစ်နိုင်ငံပူးတွဲကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဇူလိုင် ၁၁ ရက် မှ ၁၃ ရက်အထိ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက်တွင် နိုင်ငံတော်သမ္မတရုံး အဆောက်အအုံ ဆွေးနွေးပွဲခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်ခဲ့သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်၏ ခရီးစဉ်နှင့်ပတ်သက်သော နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ဇူလိုင် ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပူးတွဲကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်၏ ခရီးစဉ်နှင့်ပတ်သက်သော နှစ်နိုင်ငံပူးတွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နှစ်နိုင်ငံနှင့် ပြည်သူများအကြား နီးကပ်စွာဆက်နွှယ်တည်ရှိနေသော ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်လျက် လှိုက်လှဲစွာနှင့် ခင်မင်ရင်းနှီးစွာ ကြိုဆိုခဲ့ပါသည်။

လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်သည် နေပြည်တော်၌ စီးပွားရေးနှင့်ယဉ်ကျေးမှုဆိုင်ရာနေရာများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့နှင့် သမိုင်းဝင် ပဲခူးမြို့သို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်တို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုတို့ဖြင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံစလုံး၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အပြန်အလှန်အသိပေးခဲ့ကြပြီး နိုင်ငံတကာနှင့် ဒေသတွင်းကိစ္စရပ်များတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန် နည်းလမ်းများအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်အား ပြည်သူတို့၏ ဆန္ဒနှင့်အညီ ပေါ်ပေါက်လာသော အရွေးချယ်ခံအစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံပေါ်ပေါက်ရေးဟူသည့် အမျိုးသားရည်မှန်းချက်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို အသိပေးပြောကြားခဲ့သည်။

လာအိုဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မြန်မာနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများအတွက် ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရာတွင် အဓိကအခန်းကဏ္ဍအဖြစ် နှစ်နိုင်ငံအကြား အပြန်အလှန် ခရီးစဉ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၊ နှစ်နိုင်ငံ မူဝါဒရေးရာဆွေးနွေးပွဲများ၊ ဒေသဆိုင်ရာ/ပြည်နယ်ဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးများစသော သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေး အစီအမံများအပေါ် နှစ်ဖက်စလုံးမှ ချီးကျူးခဲ့ကြသည်။

ကုလသမဂ္ဂ၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများတွင် လိုအပ်သည့်အချိန်တိုင်း လာအိုနိုင်ငံက မြန်မာနိုင်ငံဘက်မှ အမြဲထောက်ခံပေးမှုများအတွက် မြန်မာနိုင်ငံအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်း၌ ကျင်းပမည့် (၄)ကြိမ်မြောက် မဲခေါင်ဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေး၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက်နှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံပြီး (၉)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး အတွက်လည်း မြန်မာနိုင်ငံက အပြည့်အဝထောက်ခံခဲ့ကာ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ရန် ရည်ရွယ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံ တပ်မတော်များအကြား အပြန်အလှန်ခရီးစဉ်များ မကြာခဏသွားရောက်ခြင်းကို ကြိုဆိုပါကြောင်းနှင့် နှစ်နိုင်ငံ တပ်မတော်များအကြား နွေးထွေးသော ဆက်ဆံရေးနှင့် နားလည်မှုများ ပိုမိုတိုးတက်ခိုင်မာစေရန် အပြန်အလှန် ခရီးစဉ်များ ဆက်လက်သွားရောက်နိုင်ရေးကိုလည်း နှစ်ဖက်စလုံးမှ တွန်းအားပေးခဲ့ကြသည်။

နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်ရေး တိုးမြှင့်နိုင်စေရန် မဲခေါင်မြစ်ကူး မြန်မာ-လာအို ချစ်ကြည်ရေးတံတား တည်ဆောက်ရေးလုပ်ငန်း အခြေအနေများအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုရောင်းဝယ်မှု၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီး ဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန်လည်း နှစ်ဖက်သဘောတူခဲ့ကြသည်။

နှစ်နိုင်ငံစလုံးအနေဖြင့် တစ်နိုင်ငံ၏ ပိုင်နက်နယ်မြေကို အသုံးပြု၍ အခြားတစ်နိုင်ငံကို ဆန့်ကျင်သည့်သူများကို လက်မခံဘဲ တစ်နိုင်ငံ၏ အချုပ်အခြာနှင့်လုံခြုံရေးကို တစ်နိုင်ငံကလေးစား၍ ကာကွယ်ပေးရန်ဟူသောမူကို နှစ်ဖက်စလုံးမှ ထပ်လောင်း အတည်ပြုခဲ့ကြသည်။

နှစ်နိုင်ငံဒေသဆိုင်ရာ နယ်ခြားကော်မတီ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၀ ခုနှစ်က လာအိုနိုင်ငံ၊ ဘော်ကဲယိုး ပြည်နယ်၊ ဟွာဆေးခရိုင်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒုတိယအကြိမ်အစည်းအဝေးကို မြန်မာဘက်တွင် နှစ်ဖက်အဆင်ပြေမည့်နေ့ရက်၌ ကျင်းပသွားရန် သဘောတူညီခဲ့ကြခြင်းအတွက် နှစ်ဖက်စလုံးမှ ကျေနပ်အားရမှုရှိကြောင်း ဖော်ပြခဲ့ကြသည်။ ဒုတိယအကြိမ် အစည်းအဝေးကျင်းပမည့် အချိန်နှင့်နေရာကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်သည်။

မဲခေါင်မြစ် လုံခြုံရေးတိုးမြှင့်ရေးအတွက် မဲခေါင်မြစ်တစ်လျှောက် ရေကြောင်းသွားလာမှု လုံခြုံရေးလုပ်ငန်းများတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်သွားရန် သဘောတူခဲ့ကြသည်။

နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များအကြား သတင်းအချက်အလက်များကို ထိရောက်စွာ အချိန်နှင့်တစ်ပြေးညီ ဖလှယ်လျက် မဲခေါင်မြစ်ကြောင်းတစ်လျှောက် မလိုလားအပ်သော အဖျက်အမှောင့်လုပ်ငန်းများ၊ အကြမ်းဖက်မှုများ နောင်တွင် မပေါ်ပေါက်စေရေး ကာကွယ်တားဆီးသွားရန် နှစ်ဖက်သဘောတူခဲ့ကြသည်။

မြန်မာ-လာအို နယ်နိမိတ် သဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားချက်နှင့်အညီ မြန်မာ-လာအို နယ်နိမိတ်တစ်လျှောက် နယ်နိမိတ်မှတ်တိုင်များ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းနှင့် နှစ်နိုင်ငံပူးတွဲနယ်နိမိတ် တိုင်းတာစစ်ဆေးရေးအဖွဲ့ ထားရှိဆောင်ရွက်သွားရေးကိုလည်း နှစ်ဖက်သဘောတူခဲ့ကြသည်။

လာအိုဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေစဉ်အတွင်း ၎င်းနှင့် ကိုယ်စားလှယ်အဖွဲ့အား ဧည့်ဝတ်ကျေပွန်မှုများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

လာအိုဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် တရားဝင်ချစ်ကြည်ရေး ခရီးလာရောက်ပါရန် ဖိတ်ကြားခဲ့ပြီး နိုင်ငံတော်သမ္မတက အဆိုပါဖိတ်ကြားမှုကို ဝမ်းမြောက်စွာလက်ခံခဲ့သည်။ ။

နေပြည်တော်၊ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၃ ရက်

မြဝတီရုပ်မြင်သံကြား

၁၄-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၃၅	၆။	မျိုးချစ်တပ်မတော်
၇း၄၀	၇။	မြန်မာ့ရှုခင်း
၇း၄၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၃	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	ဇာတ်လမ်းတို
၄း၂၅	၇။	ချစ်သူစုံတွဲ တူယှဉ်နွှဲ
၄း၃၅	၈။	ဗွီစီဒီကျော်ကြားတေး
၄း၄၅	၉။	လျှပ်တစ်ပြက်
၄း၅၀	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၁၁။	သန့်စွာကိုင်လေစက္ကူငွေ
၅း၁၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၈၂)
၆း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၅။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၆။	**ထူးဆန်းထွေလာ မျက်လှည့်ပညာ**
၆း၄၅	၁၇။	ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၃၉)
၇း၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း -၄၁)
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဒို့တာဝန်အရေး(၃)ပါး
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	အနုပညာရှင်၏တစ်နေ့တာ
	၂၅။	ကုန်သွယ်သုတ
	၂၆။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်းမုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း -၂၀)
	၂၈။	ဂီတရင်ခုန်သံ

မြန်မာ့အလင်း ပြည်တွင်း အားကစား သတင်း

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဆက်

နေပြည်တော် ဇူလိုင် ၁၃

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စု ပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ပိုင်းတွင် သတ်မှတ်နေရာ အသီးသီး၌ ဆက်လက်ကျင်းပရာ အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ အားကစားဝန်ကြီးဌာန အသင်းက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အမှတ်(၂)နေပြည်တော် အားကစားကွင်း၌ အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ကြည့်ရှုအားပေး

နေပြည်တော် လယ်ဝေးအားကစား ကွင်း၌ ကျင်းပသော ပထမအဆင့်အုပ်စု ပတ်လည်ပွဲစဉ်သို့ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ လာရောက်ကြည့်ရှုအားပေးကြပြီး အဆိုပါပွဲစဉ်တွင် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။

ဇူလိုင် ၁၄ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်း၊ အမှတ်(၂) နေပြည်တော်အားကစား ကွင်း၌ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနအသင်းနှင့်သစ်တောရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစား ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်နှင့် တာဝန်ရှိသူများ ၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ် တွင် ကျန်းမာရေး ဝန်ကြီးဌာန အသင်းနှင့် အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) ဒုတိယနေ့ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိပြီး နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများတွင် စွမ်းအားရှိသမျှ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၃

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) ဒုတိယနေ့ အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) သို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) ဒုတိယနေ့ အစည်းအဝေး ပထမပိုင်းသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယကအဖွဲ့ဝင်များ ဖြစ်ကြသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံစစ်မှု ထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ညီလာခံ (၂၀၁၁) ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိ သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) သို့ တက်ရောက်လာ ကြသည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြင်ဆင်ဖွဲ့စည်း

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် စစ်ပြန်စစ်မှုထမ်းဟောင်းများအဖွဲ့ကို ၁၉၄၈ခုနှစ်မှစပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖွဲ့စည်းထူထောင်ခဲ့ရာမှ ၎င်းအဖွဲ့အစည်းများကို ၁၉၇၃ခုနှစ်မှာ စနစ်တကျပြန်လည် ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ်မှာ စစ်မှုထမ်းဟောင်းအဖွဲ့ ဖွဲ့စည်းပုံနှင့် အခြေခံ စည်းမျဉ်းများကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များအရ ခေတ်အဆက် ဆက်မှာ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ရကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများအဖွဲ့ ညီလာခံကို ၂၀၀၁ ခုနှစ်၊ ၂၀၀၅ ခုနှစ်၊ ၂၀၀၉ ခုနှစ်များမှာ နိုင်ငံရေးအနှစ်သာရအပြည့်ဖြင့် ကျင်းပနိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်တာဝန်ယူပြီးနောက် ၂၀၁၁ ခုနှစ် မေ ၂၀ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၂၆/ ၂၀၁၁ ထုတ်ပြန်ပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်ကြီး (၇)ရပ်ကို ချမှတ်ပေးခဲ့ကြောင်း၊ ၎င်းသို့ ပြင်ဆင် ဖွဲ့စည်းပေးခြင်းသည် ကွပ်ကဲမှုစနစ် လွယ်ကူလျင်မြန်စေရန်နှင့် စစ်မှုထမ်း ဟောင်းအဖွဲ့များ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် လှုပ်ရှားဆောင်ရွက် နိုင်ရန်အတွက် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ သမိုင်းကို ပြန်ကြည့် လျှင် ခေါင်းဆောင်မှု အားနည်းသည့် အချိန်၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး ပြိုကွဲသည့်အချိန်၊ အင်အား တောင့်တင်းသော တပ်မတော်တစ်ရပ် မရှိသည့်အချိန်တွင် တိုင်းပြည်ပြိုကွဲမှု ဖြစ်ခဲ့ရသကဲ့သို့ နယ်ချဲ့ကျူးကျော်မှု ခံခဲ့ရပြီး သူ့ကျွန်ဘဝကျရောက်၊ အချုပ် အခြာအာဏာ လက်လွတ်ဆုံးရှုံးကာ လွတ်လပ်ရေးကြီးပါ ဆုံးရှုံးခဲ့ရကြောင်း၊ ဆုံးရှုံးသွားသော လွတ်လပ်ရေးကြီး ပြန်လည်ရရှိရေးအတွက် ဒို့တပ်မတော် သည် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်း ကာ အသက်၊ သွေး၊ ချွေးများစွာ အရင်း တည်ပြီး အရယူပေးခဲ့ကြောင်း၊ လွတ်လပ် ရေး ရရှိပြီးသည့်နောက်တွင်လည်း ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ် တွေ့ကြုံ လာတိုင်း ခိုင်ကျည်မြင့်မြတ်သည့် သစ္စာ(၄)ချက်အတိုင်း ရှေ့ဆုံးက မားမား မတ်မတ်ရပ်ကာ ရင်ဆိုင်ဖြေရှင်း ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ ဒို့တပ်မတော် အနေဖြင့် အမျိုးသားနိုင်ငံရေးကိုသာ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သဖြင့် တပ်မတော် ၏ အရန်အင်အားဖြစ်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည်လည်း နိုင်ငံရေး အသွေးအရောင်မရှိဘဲ အမျိုးသားနိုင်ငံရေးကိုဆောင်ရွက်မည့် အဖွဲ့အစည်းအဖြစ် ရပ်တည်သွားနိုင်ရေး မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး တစ်ဦးနှင့်တစ်ဦး အသက်ပေး ထမ်းဆောင်ခဲ့ကြသည့် ရဲဘော်စိတ်ကို အခြေခံကာ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာ ပြီးဖြစ်သည့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသကဲ့သို့ ပြည်သူလူထုနှင့် တပ်မတော်ကို ပေါင်းစည်းပေးသည့် အဖွဲ့အစည်းတစ်ခုလည်း ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

အလွန်အရေးပါ

မိမိတို့နိုင်ငံ၏ တည်နေရာသည် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာအတွက် အရေးပါသောနေရာတွင် တည်ရှိသကဲ့သို့ နိုင်ငံအကျယ်အဝန်းအရ ပိုမိုကြီးမားသော နိုင်ငံများနှင့် လူဦးရေအဆမတန်များပြားသော နိုင်ငံကြီးများနှင့်လည်း နယ်နိမိတ်ချင်း ထိစပ်နေကြောင်း၊ ၎င်းသို့ အခြေအနေရှိသည့် နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံတော်၏ လုံခြုံရေး၊ အေးချမ်းသာယာဖွံ့ဖြိုးရေးတို့သည် အလွန်အရေးပါကြောင်း တွေ့ရ ကြောင်း၊ ထို့အတူ ဒေသအတွင်း လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့သည်လည်း အရေးကြီး သဖြင့် ဒေသအတွင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင် ရေးမူကြီး(၅)ချက်နှင့်အညီ ဆက်ဆံလျက်ရှိပြီး ဒေသအတွင်းလုံခြုံရေးနှင့်တည်ငြိမ်ရေး အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

၂၀၀၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် အထွေထွေရွေးကောက်ပွဲကျင်းပပြီး ရွေးချယ်ခံလွှတ်တော် ကိုယ်စားလှယ်များဖြင့် လွှတ်တော်အသီးသီးကို ယခုနှစ်တွင် ကျင်းပခဲ့ကြောင်း၊ လွှတ်တော်က ရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံတော်သမ္မတ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသဦးစီးအဖွဲ့များ ဖွဲ့စည်းနိုင် ခဲ့ကြောင်း၊ မတ် ၃၀ ရက်နှင့် ၃၁ ရက်နေ့များတွင် နိုင်ငံတော်သမ္မတက ရှေ့ဆက် သွားမည့် မူဝါဒနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားပြီးနောက် ဒီမိုကရေစီစနစ်ကို အဆင့်ဆင့် ကူးပြောင်းလျက်ရှိကြောင်း၊ မိမိတို့သည် အခက်အခဲအမျိုးမျိုးကို အောင်မြင် စွာကျော်လွှားပြီး နိုင်ငံတော်နှင့် ပြည်သူလူထု၏အနာဂတ် ကောင်းမွန်ရေးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တပ်မတော်သည် ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ရွက်ပြီး နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက် (၁၂)ရပ်နှင့်အညီ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်သူ လူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရဲဘော်တို့သည် စစ်ဘက်အတွေ့အကြုံ ရင့်ကျက်ပြီး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သူများဖြစ်သဖြင့် တပ်မတော်၏ ဦးဆောင်မှုအောက်၌ တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ ကဏ္ဍပေါင်းစုံတွင် အာဆီယံစံချိန် စံညွှန်းအတိုင်း ပြည့်မီအောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းသို့ ဆောင်ရွက်နေသည့် တစ်ချိန်တည်းတွင် ဖွံ့ဖြိုးမှုနောက်ကျနေသေးသည့် ဒေသများ၌ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော် အတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်လည်း စီးပွားရေးပညာရှင်များ၊ စိုက်ပျိုး ရေးပညာရှင်များ၊ အစိုးရဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ အသိပညာရှင် အတတ်ပညာရှင်များကို ဖိတ်ခေါ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို ကျယ်ပြန့်စွာ ပြုလုပ်ခဲ့ ကြောင်း၊

စာမျက်နှာ ၅ ကော်လံ ၁ သို့

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဗဟိုနာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးဥက္ကဋ္ဌများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ပဲခူးမြို့ရှိ ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

ဆက်လက်၍ ရွှေမော်ဓောစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်တော် ဝန်ကြီးချုပ်က ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက ရွှေဝါထွန်းဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး မွန်းလွဲ ၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွှန့်လှိုင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Nilahath Sayarath နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

နိုင်ငံတော်သမ္မတကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးတွင် ဆောင်ရွက်ရမည့် လုပ်ငန်း(၈)ရပ်ကို ချမှတ်လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း။

ယခင်တပ်မတော်အစိုးရ တာဝန်ယူချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့မှုကြောင့် ဆင်းရဲနွမ်းပါးမှု ၃၂ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း လေ့လာမှုစစ်တမ်းများအရ သိရှိရကြောင်း၊ ဤသို့ဆောင်ရွက်နိုင်ခြင်းသည် အစိုးရ၊ တပ်မတော်၊ ပြည်သူလူထု ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့်ပင် ဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးမှုကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်အောင် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ပြည်သူထဲက ပြည်သူတစ်ယောက်အနေဖြင့် တာဝန်ရှိသကဲ့သို့ တပ်မတော်ရဲ့ အရန်အင်အားစုတစ်ရပ်အနေဖြင့်လည်း တာဝန်ရှိသဖြင့် မိမိတို့နယ်မြေဒေသအလိုက် ပြည်သူလူထုနှင့်အတူ လုပ်ငန်းစဉ်အားလုံး အောင်မြင်ရေးအတွက် စည်းရုံးလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ခုနှစ်)တွင် အခန်း (၇) တပ်မတော်ကဏ္ဍကို ပုဒ်မ ၃၃၇ မှ ၃၄၄ ထိ ပြဋ္ဌာန်းထားကြောင်း၊ ပုဒ်မ ၃၄၄ တွင် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့်သေဆုံးသော (သို့မဟုတ်) ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်ဟု ပါရှိကြောင်း၊ ဤအချက်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်၏ တပ်မတော်သားများနှင့် တပ်မတော်သား မိသားစုများအပေါ် စောင့်ရှောက်ထားရှိအပ်သည့် စေတနာကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

တိုးမြှင့်သတ်မှတ်

၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့အသစ်၏ အမိန့်နာခံခြင်းနှင့် ကတိသစ္စာပြုခြင်း အခမ်းအနားတွင် နိုင်ငံတော်သမ္မတက နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်ပင်စင်အား နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အခြေခံ၍ သင့်တော်သောအချိန်ကာလတွင် တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တရားဝင်မိန့်ကြားခဲ့ကြောင်း၊ ဤသို့မိန့်ကြားသည့်အတိုင်း ၂၀၁၁ ခုနှစ် ဇွန် ၃၀ ရက်တွင် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်သတ်မှတ်ခြင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စာလစာငွေများကို တိုးမြှင့်ခံစားခွင့်ပြုခြင်းကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရက နိုင်ငံ့ဝန်ထမ်းဟောင်းများအပေါ် စေတနာထားစောင့်ရှောက်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းဟောင်းများ ဖြစ်သဖြင့် ကြေညာချက်နှင့် အကျုံးဝင်သည်ကို တွေ့ရကြောင်း၊ အိမ်ထောင်စုဝင် အငြိမ်းစားလစာ ခံစားနေသော သေဆုံး/ကျဆုံး စစ်မှုထမ်းဟောင်းများ၏ ဇနီး၊ သားသမီးများသည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ အရန်အဖွဲ့ဝင်ဖြစ်သဖြင့် အငြိမ်းစားလစာငွေများ တိုးမြှင့်ခံစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများတွင် စွမ်းအားရှိသမျှ ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ခိုင်ခိုင်မာမာ

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ ကိုယ်ပိုင်စွမ်းရည်၊ ကိုယ်ပိုင်ဂုဏ်ဒြပ်များကြောင့် ခိုင်ခိုင်မာမာ ရပ်တည်နိုင်သည့် အဖွဲ့အစည်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဤသို့ ရပ်တည်နေနိုင်ခြင်းသည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြီးကြပ်ဆောင်ရွက်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၏ အနီးကပ် ကြီးကြပ်မှု၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တစ်ဦးချင်းတာဝန်သိစွာ ပူးပေါင်း ဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် ဖွဲ့စည်းမှုစွမ်းအား၊ ယုံကြည်ချက်ခံယူချက်စွမ်းအား၊ စည်းလုံးညီညွတ်မှုစွမ်းအားများကြောင့် ခိုင်မာစွာရပ်တည်နေနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့်-

- ရရှိပြီးစွမ်းအားများကို ဆက်လက်ထိန်းသိမ်းသွားရန်နှင့် အရေအတွက်ကို အရည်အချင်းအဖြစ် ပြောင်းလဲရယူကြပါ၊ နိုင်ငံတော်၏ လက်ရှိတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ပိုမိုတိုးတက်ခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါ၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရမည့် မည်သည့်အခက်အခဲမျိုးကိုမဆို စစ်မှန်သည့် မျိုးချစ် စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားရဲသည့် သတ္တိတို့ကို အရင်းတည်ပြီး တပ်မတော်၏ ဦးဆောင်မှုကို ခံယူကာ ဆောင်ရွက်ကြပါ။
- ချမှတ်ပေးထားသော လုပ်ငန်းတာဝန်(၇)ရပ်ကို ဆောင်ရွက်ရာတွင် တပ်မတော်၏ ဦးဆောင်မှု၊ ပြည်သူလူထုတို့၏ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ အောင်မြင်စွာ ဆောင်ရွက်ကြပါ ဟူ၍ မှာကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၀၈၄ဦးတို့အတွက် ချီးမြှင့်ထောက်ပံ့ငွေများကို ဗိုလ်မှူးကြီးလှအေး (အငြိမ်းစား) အားလည်းကောင်း၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၄၇၀ တို့အတွက် ချီးမြှင့်ထောက်ပံ့ငွေများကို ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော (အငြိမ်းစား) အားလည်းကောင်း၊ တပ်မတော်ဆိုင်ရာ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား ၄၃ဦးတို့အတွက် ချီးမြှင့်ထောက်ပံ့ငွေများကို ဗိုလ်ကြီးဖြိုးဝေလင်းအားလည်းကောင်း၊ အခြားတက္ကသိုလ်နှင့် ကောလိပ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား/သမီးများအား လည်းကောင်း၊ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သား/ သမီးများအားလည်းကောင်း ထောက်ပံ့ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) ဒုတိယနေ့ အစည်းအဝေး ပထမပိုင်းကို မွန်းလွဲ ၁၂နာရီခွဲတွင် ခေတ္တရပ်နားသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုနာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗဟိုနာယကအဖွဲ့ဝင်များသည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁)သို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေး ဥက္ကဋ္ဌများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဗဟိုနာယကနှင့် ဗဟိုနာယကအဖွဲ့ဝင်များသည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁)သို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) ဒုတိယနေ့ အစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက ဆောင်ရွက်သည်။

အတည်ပြု

အစီအစဉ်အရ သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁)က ချမှတ်မည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားမှူးက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁)က ချမှတ်သည့် ဆုံးဖြတ်ခြင်း (၂)ရပ်၊ အတည်ပြုခြင်း (၁)ရပ်နှင့် မှတ်တမ်းတင်ခြင်း (၄)ရပ်တို့ကို ဖတ်ကြားကြေညာသည်။

အောင်မြင်စွာကျင်းပပြီးစီး

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) သို့ တက်ရောက်လာကြသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များက ကြွေးကြော်သံများ ကြွေးကြော်ကြကာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁)ကို မွန်းလွဲ ၁နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

လယ်ဝေးမြို့ သီရိရတနာမြို့မဈေး သမဝါယမလီမိတက် စည်းဝေး

နေပြည်တော် ဇူလိုင် ၁၃

နေပြည်တော် လယ်ဝေးမြို့ သီရိရတနာမြို့မဈေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ဈေးအတွင်း အထည်ရုံခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဈေးကော်မတီ ဥက္ကဋ္ဌနှင့်အသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ဘဏ္ဍာရေးရှင်းတမ်းကို အသင်းအတွင်းရေးမှူးက ဖတ်ကြားအတည်ပြုကြသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသော အသင်းသူအသင်းသားများ၏ သားသမီးများအား အသင်းဥက္ကဋ္ဌက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမှုဆောင်ဟောင်းများ နုတ်ထွက်ပြီး အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်ကြကာ ဥက္ကဋ္ဌအသစ်က နှုတ်ခွန်းဆက်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် (၁၂)ကြိမ်မြောက် Pre-Sea Deck Rating Training Course သင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက်က အမှတ် (၇) လေးထောင့်ကန်လမ်း သဃ်န်းကျွန်းမြို့နယ်ရှိ သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့သင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်မြင့်ဦးက သင်တန်းသားတစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်စဉ်။ (၀၂၇)

သစ္စာလေးပါးမြတ်တရားနှင့်လဝါဆို

ဝိသဇ္ဇက (ပဲခူး)

သုံးလောကထွတ်ထား မြတ်ဘုရား၏ ပညတ်တော်အရ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလ ဝါဆိုဝါထပ်သည်ကို အကြောင်းပြု၍ ဝါဆိုလဟု ဖြစ်လာရပါသည်။ ရဟန်းသံဃာတော်တို့ ဝါဆိုဝါထပ်သော ဝါတွင်းကာလသည် မိုးလဖြစ်သည်။ ဝါဆိုခြင်းနှင့်ပတ်သက်၍ ဝါမှာ ဝါဿဟူသော ပါဠိမှလာခြင်း။ ဆိုမှာ ရွတ်ဆိုခြင်းပါဠိမှ လာခြင်းဖြစ်ရာ ရဟန်းတော်များက "ဤကာလအတွင်း၌ မိုးသုံးလပတ်လုံး နေပါမည်"ဟု ရွတ်ဆိုကတိပြုခြင်းဖြစ်သည်။

လဝါဆိုကို ရာသီအလို "ကရကဋ်" ခေါ်ဆိုသည်။ ပြဗ္ဗာသာဠ်နက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ ဗျိုင်းတာရာ ထွန်းပ၏။ တချို့က ဥတ္တရာသာဠ်နက္ခတ်နှင့် စန်းယှဉ်ပြည့်သည်ယူ၏။ ရာသီရုပ်မှာ ပုစွန်လုံး ကဏန်းသတ္တဝါပုံ ဖြစ်သည်။

ရှေးက ဝါဆိုလကို "မြွယ်တာလ"၊ "နွယ်တာလ"၊ "နွေတာလ"ဟူ၍ခေါ်သည်။ နွေနှင့်နွယ်သည် ဂိမှာန နွေရာသီကို ခေါ်ဆိုသည်။ "တာ"မှာ အပိုင်းအခြား အကူးအပြောင်းဟု အနက်ရ၏။ ထို့ကြောင့် နွေဥတု၏အဆုံး မိုးရာသီ၏အစ ဖြစ်သည်။ နွေဥတုနှင့် မိုးဥတုတို့အစ ဥတုနယ်စပ်လဖြစ်သည်။ ဥတုရာသီ အစနှင့်အဆုံး ကူးပြောင်းမှု နယ်စပ်ဖြစ်သည့် အလျောက် ဆိုးဆိုးကဲကဲ ဥတုဖောက်ပြန်တတ်သောလ ဖြစ်၏။

"ဝါဆိုဝါခေါင် ရေဖောင်ဖောင်"ဆိုစကားအရ မိုးဖြိုင်ဖြိုင်ရွာနေပြီဖြစ်သော ဝါဆိုလတွင် မိုးပွင့်နှင့်အတူ ပွင့်ပြုလာကြသော ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်သည်။ "ဖူးခေါင်ညှာညွတ် ပွင့်ဝတ်ရက်သုံး၊ ပိတုန်းကုပ်တို၊ မရှည်လို၊ မယ်ညိုခြေကွရိုးက တဝဲဝဲ"ဟု ရာမရကန်တွင် မယ်ညိုငှက်ကို သရုပ်ဖော်ထားသည်။

ဝါဆိုလပြည့်နေ့သည် "သန္ဓေတောထွက် ဓမ္မစက် တစ်ချက်ပြာဋိဟာ" ဆိုသည့်အတိုင်း ဘုရားအလောင်းတော်သည် မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ တည်တော်မူသောနေ့။

သိဒ္ဓတ္ထမင်းသားဘဝတွင် နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ သံဝေဂရပြီး တောထွက်တော်မူသောနေ့။

ဘုရားအဖြစ်သို့ ရောက်ရှိပြီး ဓမ္မစကြာတရားဦးကို ပဉ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူသောနေ့။

တိတ္ထိအသင်းအပင်းကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့တို့ ဖြစ်ခြင်းကြောင့် ထူးမြတ်သောနေ့ တစ်နေ့ ဖြစ်သည်။

"ဝါဆိုလပြည့် စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက် ဓမ္မစက်ကို
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်
တရားနတ်စည် ရွှမ်းတယ်ကို"

ဟူ၍ ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာတရားဟောခဲ့သည်ကို လယ်တီဆရာတော်ကြီး၏ ဘုရားရှိခိုးတွင် ဖော်ပြထားသည်။

မြတ်စွာဘုရားရှင်က မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလပြည့် စနေနေ့ ညဉ့်ဦးယံတွင်-

"ငါးယောက်လျှင်အစုရှိသောရဟန်းတို့. . . ရှင်ရဟန်းဖြစ်သောသူသည် ယုတ်ညံ့သောရွာသူတို့၏ အမှုကိစ္စ၊ ပုထုဇဉ် အရိယာသူတော်စင်တို့၏ အလေ့အကျင့်မဟုတ်သော မိမိတို့လိုလားအပ်သည့် အကျိုးစီးပွားအစစ်နှင့်မဆိုင်သော အဆင်း၊ အနံ့၊ အရသာ၊ အတွေ့ဟူသည့် အာရုံတို့ နှစ်သက်သာယာလျက် အဖန်တလဲလဲ ခံစားအပ်သော တရားအစုရှိ၏။ ထိုတရားစုသည် မမှီဝဲမဆည်းကပ်အပ်သော အစွန်းရောက်သော တရားအစုဖြစ်၏။

ဆူးငြောင့်ကိုမှီ၍ အိပ်ခြင်း မီးလှုံခြင်း၊ ရေခပ်ခြင်း၊ တုံးခုန်ခြင်းစသည့် တိတ္ထိ တို့၏ အမှုကိစ္စဖြစ်သော၊ အရိယာသူမြတ်တို့၏ အကျင့်မဟုတ်သော၊ မိမိတို့လိုလားအပ်သည့် အကျိုးစီးပွားအစစ်နှင့်မဆိုင်သော၊ တရားဓမ္မရကြောင်း မဟုတ်သည့်အကျင့်တို့၏ မိမိကိုယ်ကို ပင်ပန်းအောင် ညှဉ်းဆဲသော တရားအစုသည်ရှိသည်။ ထိုတရားအစုသည်လည်း မမှီဝဲမဆည်းကပ်အပ်သော အစွန်းရောက်တရားအစုဖြစ်၏။

ထိုအမှားဖြစ်သော အစွန်းရောက်တရားနှစ်ခုကို ရှောင်ကြဉ်ပြီး ဘယ်ဘက်ကိုမှ မလိုက်သော အလယ်အလတ် အကျင့်တရားသည် မဇ္ဈိမပဋိပဒါတရားပင်ဖြစ်သည်။

ရုပ်နာမ်သည်လည်း ဆင်းရဲ၏။ ပဋိသန္ဓေနေရခြင်းလည်း ဆင်းရဲ၏။ အိုခြင်း၊ နာခြင်း၊ သေရခြင်းလည်း ဆင်းရဲ၏။ မချစ်မနှစ်သက်သောသူနှင့် ပေါင်းရခြင်းလည်း ဆင်းရဲ၏။ ချစ်သောသူနှင့် ခွဲခွာရခြင်းလည်း ဆင်းရဲ၏။ လိုချင်တာကို မရခြင်းသည်လည်း ဆင်းရဲခြင်းဖြစ်၏။

အချုပ်အားဖြင့် ခန္ဓာငါးပါး ရုပ်နာမ်အစုတို့သည်လည်း ဆင်းရဲစေခြင်းကို ဖြစ်ကုန်၏။ ငါဘုရားတွင် ထိုးထွင်း၍ သိတော်မူအပ်သော သစ္စာလေးပါးအား သိခြင်းကိုပြုတတ်သော တရားသည်ရှိ၏။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး၏ ဆင်းရဲခြင်းဒုက္ခကို လွတ်မြောက်စေသော မြတ်သောအကျင့်။ ထိုအကျင့်သည်ကား -

- ကောင်းမြတ်သော ဉာဏ်အမြင်ကိုမြင်ပါ။
- ကောင်းမြတ်သော အကြံကို ကြံစည်ပါ။
- ကောင်းမြတ်သောစကားကို ပြောဆိုပါ။
- ကောင်းမြတ်သော အလုပ်ကို ပြုလုပ်ပါ။
- ကောင်းမြတ်သော နည်းလမ်းဖြင့် အသက်မွေးမြူပါ။
- ကောင်းမြတ်သောအမှုတွင် အားထုတ်ပါ။
- ကောင်းမြတ်သောအမှု၌ သတိရှိပါ။
- ကောင်းမြတ်သောအမှု၌ တည်ကြည်ပါစေသောတရားရှစ်ပါးသာလျှင် ဖြစ်၏။

ထိုကောင်းမြတ်သောအကျင့်တို့ကို ကျင့်ကြံလိုက်နာလျှင် ဧကန်အမှန်ရှိသော ဆင်းရဲခြင်း ဒုက္ခသစ္စာကို သိမည်။ ဧကန်အမှန်ရှိသည့် ဆင်းရဲခြင်းကိုသိမှ ဆင်းရဲခြင်း၏ အကြောင်းအရင်းဖြစ်သော စွဲလမ်းခြင်း သမုဒယသစ္စာကို မြင်မည်။ သို့မှသာလျှင် ဧကန်အမှန်ရှိသော ဆင်းရဲခြင်းချုပ်ငြိမ်းရာ နိရောဓသစ္စာကိုရောက်မည်။ နိရောဓသစ္စာ ဆင်းရဲခြင်းချုပ်ငြိမ်းရာသို့ ရောက်နိုင်သောအကျင့်မှာလည်း ကောင်းမြတ်သော တရားရှစ်ပါးဟု ဆိုအပ်သော မဂ္ဂသစ္စာအကျင့်မှလွဲ၍ မရှိပါချေ။"

ပုထုဇဉ်များဟူသမျှသည် လူ့ဘောင်လောက၌ မိမိတို့နေ့စဉ်ကြုံတွေ့နေရသော ကိစ္စအဝဝကို ဆောင်ရွက်ရာတွင် အစွန်းကျခြင်းများကို တတ်နိုင်သမျှ ရှောင်ရှားကြရမည်။ အလယ်အလတ် နှလုံးသွင်းကာ ရှစ်ပါးသောကျင့်စဉ်များ အတိုင်း ကောင်းမြတ်စွာပြုကျင့်ခြင်းကို တန်ဖိုးထားကြရမည်။ သို့မှသာလျှင် လောကုတ္တရာ ကောင်းကျိုးကို မရသေးမီ ကာလအတွင်း လောကီကောင်းကျိုးကို ခံစားရရှိနိုင်ကြပါလိမ့်မည်။

သာယာဝပြောသော လောကီကောင်းကျိုးကိုရစေရန် လူတိုင်းသည် စားဝတ်နေရေး၊ လူမှုရေးအရပ်ရပ်တို့တွင် ကြောင့်ကြစိုးရိမ်မှုမရှိ၊ ဆင်းရဲပင်ပန်းမှုမရှိ၊ လိုချင်တပ်မက်လွန်းခြင်းမရှိ၊ နှိပ်စက်ညှဉ်းပန်းအနိုင်ကျင့်ခြင်းမရှိ၊ မနာလိုဝန်တိုခြင်းမရှိ၊ ဝင့်ဝါမော်ကြွားခြင်းမရှိ၊ လူတိုင်းသည် မည်သည့်လူမှုကိစ္စမျိုး၌ပင်ဖြစ်စေ သင့်တင့်လျောက်ပတ်မှုရှိကြ၏။ မျှတညီညွတ်မှုရှိကြ၏။ ကျေနပ်ရောင့်ရဲမှုရှိကြ၏။ ဤသည်ကား သာယာဝပြောသော လောကီကောင်းကျိုး၏ အင်္ဂါရပ်များပေတည်း။

ယင်းသို့ ကောင်းမြတ်သော အင်္ဂါနှင့်ပြည့်စုံရန်မှာ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးကို စောင့်ထိန်းကြလျှင် ပို၍ ကောင်းမြတ်မည်။ လောကီကိုကျော်လွှား၍ လောကုတ္တရာကောင်းကျိုးကိုပင် ရစေနိုင်မည်ဆိုလိုခြင်း ဖြစ်ပေသည်။

သုံးလောကထွတ်ထား မြတ်ဘုရားထံပါးတွင် ငါးပါးအစုရှိသော ရဟန်းတို့သည် ဝါဆိုလပြည့်နေ့တွင် သစ္စာလေးပါးမြတ်တရားဖြစ်သည့် ဓမ္မစကြာတရားတော်ကို နာကြား၍ အရဟတ္တဖိုလ် ဉာဏ်အလင်းပေါက်ကြသကဲ့သို့ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည်လည်း ဝါဆိုလပြည့်နေ့တွင် ဟောကြားသော တရားတော်နှင့်အညီ သစ္စာလေးပါး မြတ်တရားကို ကောင်းမြတ်စွာဖြင့် ရုပ်နာမ်နှစ်ခုကိုနှလုံးသွင်းလျက် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဒေးဒရဲ၌ကျင်းပ

ဒေးဒရဲ ဇူလိုင် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက်က ချောင်းဖျားကျေးရွာအနီး ဒေးဒရဲ-ကျိုက်လတ်ကားလမ်းဘေး ဝဲယာ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေ၊ ဖျာပုံမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်လင်၊ မြို့နယ်သစ်တောဦးစီးဌာနတောအုပ် ဦးမိုးလွင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာသူကျေးရွာသားများက ရတနာတန်းဝင် ကျွန်း ၅၀၀၊ ယူကလစ် ၃၀၀၊ အော်ရီးရှား ၂၀၀နှင့် မဟော်ဂနီ ၁၀၀ စုစုပေါင်း အပင် ၁၁၀၀ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(သစ်တောဦးစီးဌာန)**

၂၀၁၁ ခုနှစ်၊ ဓမ္မာစရိယနှင့် ပထမပြန်အထူးအောင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၁ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယ စာမေးပွဲတွင် ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် သုံးကျမ်းအောင် ၅၄၄ ပါး၊ နှစ်ကျမ်းအောင် ၈၉၃ ပါး၊ တစ်ကျမ်းအောင် ၁၅၅၇ ပါး၊ ပါဠိဂုဏ်ထူးအောင်နှစ်ပါး အောင်မြင်တော်မူကြသည်။

၂၀၁၁ ခုနှစ် ပထမပြန်အထူးအောင်ရွေးချယ်ရေးစာမေးပွဲတွင် ဖြေဆိုခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်၊ လူပုဂ္ဂိုလ်များအနက် ပထမကြီးတန်း၌ လေးပါး၊ ပထမလတ်တန်း၌ လေးပါး၊ ပထမငယ်တန်း၌ လေးပါး အောင်မြင်တော်မူကြသည်။

ဓမ္မာစရိယတန်း၌ အထူးအောင်ပုဂ္ဂိုလ်များ ရွေးချယ်စရာမရှိပါ။

ပထမပြန်အထူးအောင်ပုဂ္ဂိုလ်များမှာ **ပထမကြီးတန်း** ပထမ ခုံအမှတ် (စက/၂၂၁) (ပထမကျော်) အရှင်ကုန္ဒာဝုစာလင်္ကာရ မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့။ ဒုတိယ ခုံအမှတ် (မဟမ/၃၈၃) အရှင်ကဝိသာရာလင်္ကာရ မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်း မန္တလေးမြို့။ တတိယ ခုံအမှတ် (စက/၂၁၃) အရှင်အဂ္ဂိနန္ဒာလင်္ကာရ မြစကြာကျောင်းစစ်ကိုင်းမြို့။ သီလရှင်(ပထမ) ခုံအမှတ် (ဗဟ/၂၈၉) မဝရညာနီ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ရန်ကုန်မြို့။ **ပထမလတ်တန်း** ပထမ ခုံအမှတ် (ကွေး/၁၀၁) ဦးဆန္ဒသိဒ္ဓိ အောင်မြေရတနာ ကျောင်းတိုက် မကွေးမြို့။ ဒုတိယ ခုံအမှတ် (စက/၁၁၆) အရှင်ဆေကာနန္ဒာလင်္ကာရ မြစကြာ ကျောင်းတိုက် စစ်ကိုင်းမြို့။ တတိယ ခုံအမှတ် (စက/၁၁၂) ရှင်တေဇောဒယာလင်္ကာရ မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့။ လူပုဂ္ဂိုလ် (ပထမ) ခုံအမှတ် (ပဘတ/၁၇) မဝေမွန်ကျော် မဟာသိမ်တော်ကြီးကျောင်းတိုက် ပန်းဘဲတန်း ရန်ကုန်။ **ပထမငယ်တန်း** ပထမ ခုံအမှတ် (မဟမ/၁၇၆) ရှင်သောပါကမစိုးရိမ်ကျောင်းတိုက် ဓမ္မဝိနယရံသီကျောင်း မန္တလေးမြို့။ ဒုတိယ ခုံအမှတ် (မင်္ဂလာ/၁၀၉) ရှင်သဇ္ဇန တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်။ တတိယ ခုံအမှတ်(ကွေး/၁၁၅) ရှင်နန္ဒိယ မဟာဝိသုတာရာမကျောင်းတိုက် မကွေးမြို့။ သီလရှင်(ပထမ) ခုံအမှတ်(ဝတီ/၃၃) မတိက္ခဝတီ ဇေယျသီဂီကျောင်းတိုက်မြဝတီမြို့တို့ ဖြစ်ကြသည်။

ယခုနှစ်ဓမ္မာစရိယ စာမေးပွဲအောင်စာရင်းနှင့် ပထမပြန် အထူးအောင်စာမေးပွဲအောင်စာရင်းများကို တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကအဖွဲ့ရုံးများ၌လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာစာဖြေဌာနရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးများ၌ လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုလပြည့် ဗုဒ္ဓနေ့

* ဝါဆိုလပြည့်၊ ဗုဒ္ဓနေ့····
ချမ်းမြေ့ကြည်သာစွ။
* ဓမ္မစကြာ၊ ဒေသနာ····
မြတ်စွာ ဟောညွှန်ပြ။
* ငါးမည်ပဉ္စ၊ နာကြားရ····
တရားထူးပေစွ။
* တရားရေအေး၊ အမြိုက်ဆေး····
တိုက်ကျွေးနာယူကြ။
* ဗုဒ္ဓမြတ်စွာ၊ ဒေသနာ····
ရင်မှာကြည်နူးရ····
* ဥပုသ်သီတင်း၊ ဝါဆိုတွင်း····
မှီတင်းဆောက်တည်ကြ။
* ဝါဆိုသင်္ကန်း၊ ကပ်လှူဒါန်း····
ရည်မှန်းနိဗ္ဗူတ။
* ရဟန်း၊ သံဃာ၊ ဝါကပ်ကာ····
သွား၊ လာ မပြုကြ။
* ပုန်းညက်ပွင့်ဖူး၊ ဝါဆိုဦး····
ပျံ့ပျူးသင်းကြည်မြ။
* ဝါဆိုပန်းခူး၊ မောင်၊ မယ်မြူး ····
ကြည်နူးပြုံးပျော်ကြ။
* ဗုဒ္ဓမြတ်စွာ၊ သာသနာ····
ရောင်ဝါထွန်းလင်းပ။
* ဝါဆိုလပြည့်၊ ဗုဒ္ဓနေ့····
ချမ်းမြေ့ကြည်သာစွ။ ။

မြင့်မိုရ်ဦး (ပဲခူး)

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဇူလိုင် ၁၃

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်ကြည့်ရှုအားပေးသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကျောက်စိမ်းအတွဲများကို ဈေးအများဆုံးပေး ဝယ်ယူသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရတနာကုန်သည် Mr. Cai Xiaowu အား ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိပြီး ပြည်တွင်း ပြည်ပရတနာကုန်သည်များ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများ ဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ၌ ကျောက်စိမ်းအတွဲများကို ဈေးအများဆုံးပေးဝယ်ယူသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရတနာကုန်သည် Mr. Cai Xiaowu အား ဂုဏ်ပြုလက်မှတ်နှင့် လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် နံနက် ၈ နာရီမှ စတင်၍ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေသည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာဝယ်ယူကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက လိုအပ်သည်များကို ကြီးကြပ်ကူညီဆောင်ရွက်ပေးကြသည်။

စည်ကား

မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာ အရောင်းဆိုင်များတွင် ဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အစေ့ထုတ်ပြောင်းစိုက်ပျိုးရေး တိုးချဲ့အကောင်အထည်ဖော်
ဈေးကွက်ဝင်သည့်မျိုးစေ့များ သုတေသနပြုရှာဖွေဖော်ထုတ်

နေပြည်တော် ဇူလိုင် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆီထွက်သီးနှံ နေကြာစပ်မျိုး (Hybrid Sunflower)၆၅ဧက မျိုးစေ့ထုတ်စိုက်ခင်း သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စိုက်ကွင်း၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဆီထွက်သီးနှံ နေကြာစပ်မျိုး (Hybrid Sunflower) ကို မြန်မာနိုင်ငံ၌ စတင်ထုတ်လုပ်မှု၊ မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်မှုနှင့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်စိုးက ရေဆင်း-၁ နေကြာစပ်မျိုး၏ မျိုးစေ့ထုတ်စိုက်ခင်း ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် တစ်ဧက ဆီထွက်နေကြာတင်း ၅၀ မှ ၆၀ အထိ ဆီထွက်နှုန်း ပိဿာ ၂၂၀-၂၄၀ ရရှိနိုင်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက စိုက်ကွင်းအတွင်း လာရောက်လေ့လာသင်တန်းတက်နေကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မန်နေဂျာ ၅၀ တို့အား နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သော ဆန်စပါးပြီးလျှင် စားသုံးဆီ ဖူလုံရေးတာဝန်ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးချဲ့ဆောင်ရွက်နိုင်ရေး မှာကြားပြီး စိုက်ကွင်းအတွင်း သင်တန်းသားများနှင့်အတူ ကြည့်ရှုစစ်ဆေးအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သင်တန်းသားများသည် သုတေသနခြံအတွင်း စပ်မျိုးအစေ့ထုတ်ပြောင်း (Hybrid Corn)ဧက ၅၀ စိုက်ခင်းသို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီးက စပ်မျိုးအစေ့ထုတ်ပြောင်း (Hybrid Corn)များကို မြန်မာနိုင်ငံတွင် ၁၉၇၃ ခုနှစ်မှစ၍ သုတေသနပြုထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အစေ့ထုတ်ပြောင်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားဈေးကွက်ရှိသော အစေ့ထုတ်ပြောင်းစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုး အကောင်အထည်ဖော်နိုင်ရေးအတွက် ပိုမိုအထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်သည့် မျိုးစေ့များကို သုတေသနပြုရှာဖွေဖော်ထုတ်၍ တစ်နိုင်ငံလုံး၏ မျိုးစေ့လိုအပ်ချက် ရာနှုန်းပြည့် ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်သွားရန်နှင့် အစေ့ထုတ်ပြောင်း ကုန်ကြမ်းတင်ပို့မည့်အစား ပိုမိုဝင်ငွေ တွက်ခြေကိုက်မည့် စားသုံးဆီ၊ ပြောင်းဆီထုတ်လုပ်ခြင်း (တန်ဖိုးမြှင့်ထုတ်ကုန်- Value Added Products) အဆင့်သို့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများဖြင့် ဆောင်ရွက်နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန် ရှင်းလင်းပြောကြားပြီး စိုက်ကွင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သုတေသန စိုက်ကွင်းအတွင်း မျိုးစေ့များ မျိုးသန့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇေယျာသီရိမြို့နယ် စက်မှုလယ်ယာစနစ် ဧက ၃၀ စိုက်ကွင်းသို့ ရောက်ရှိရာ စပ်မျိုးသခွားမွှေးမျိုးစေ့ ၁၀ ဧကနှင့် စပ်မျိုးဖရဲသီး မျိုးစေ့ ၁၀ ဧက စိုက်ပျိုးထုတ်လုပ်နေသည့် စိုက်ခင်း၌ စိုက်ပျိုးရေးလုပ်ငန်းရှင် နှီးယူကုမ္ပဏီမှ ဦးစိန်ဦးနှင့် မျိုးစေ့ပညာရှင် ဒေါ်မြင့်မြင့်အေးတို့က သခွားအမျိုးမျိုး၊ ဖရဲသီးအမျိုးမျိုး စပ်မျိုး (Hybrid)များ ထုတ်လုပ်ဖြန့်ဖြူးနေမှုကို စိုက်ကွင်းအတွင်း လိုက်လံပြသ ရှင်းလင်းတင်ပြကြပြီး သခွားမွှေးနှင့် ဖရဲစိုက်ခင်းများအတွင်း လှည့်လည် ကြည့်ရှု အားပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆီထွက်သီးနှံ နေကြာစပ်မျိုး မျိုးစေ့ထုတ် စိုက်ခင်း၌ စိုက်ကွင်းအတွင်း လာရောက်လေ့လာသင်တန်းတက်နေကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မန်နေဂျာများအား မှာကြားစဉ်။ (သတင်းစဉ်)

ပြည်ခရိုင်နှင့် မကွေးခရိုင်ရှိ ပင်မဓာတ်အားခွဲရုံများ
ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မကွေးမြို့ရှိ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးပြည်ခရိုင် ရွှေတောင်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး Control Room အတွင်းနှင့် Switch yard အတွင်း 15K Var Capacitor Bank တစ်စုံ တပ်ဆင်နေမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်မြို့ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ပန်းတောင်းမြို့နယ် (၂၃၀)ကေဗွီ ဥဿျှစ်ပင် ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ခွဲရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ကြံ့ခိုင်ရေးစနစ်တကျ ဆောင်ရွက်ရန်၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းရေး ဆောင်ရွက်ရန်၊ ခွဲရုံလုံခြုံရေးအား စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားကာ Control Room၊ Battery Room နှင့် Switch yard အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ရှိ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် မကွေးပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံအတွင်းရှိ Control Room၊ Battery Room နှင့် Switch yard အတွင်း ၁၃၂/၃၃/၁၁ ကေဗွီ (၆၀) အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၁၃၂/၃၃/၁၁ ကေဗွီ(၁၅)အမ်ဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၃၃/၁၁ ကေဗွီ (၁၅)အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးဖြင့် ဓာတ်အားလက်ခံရယူပြီး ၁၃၂ကေဗွီ မဟာဓာတ်အားလိုင်း သုံးလိုင်းဖြင့် ချောက်၊ တောင်တွင်းကြီးနှင့် မန်းသို့ ဓာတ်အားဖြန့်ဖြူးမှု၊ ၃၃ ကေဗွီဓာတ်အားလိုင်းငါးလိုင်းဖြင့် မကွေး၊ ရေနံချောင်း၊ သဖန်းဆိပ်မြစ်ရေတင်၊ ရွာမွန်များသို့ ဓာတ်အားဖြန့်ဖြူးမှု၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းခြောက်လိုင်းဖြင့် မကွေးဒေသပတ်ဝန်းကျင်သို့ ဓာတ်အား ဖြန့်ဖြူးမှုများနှင့် 10K Var Capacitor Bank တပ်ဆင်နေမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး လုံခြုံရေးဂရုတစိုက် ဆောင်ရွက်ထားရှိရေး၊ လုံခြုံရေးမီးများ ထွန်းညှိ တပ်ဆင်ထားရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်တွင်းကြီး ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Room အတွင်း ဓာတ်အားထိန်းချုပ်ကွပ်ကဲမှုများ၊ Fault Recorder Panel တပ်ဆင်ထားရှိမှုများ၊ Computer စနစ်ဖြင့် ထိန်းချုပ်မှုများနှင့် Switch yard အတွင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဥပဒေသများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လက်ရှိဆွေးနွေးဆဲ ဒိုဟာကုန်သွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဥပဒေသများ၊ စည်းမျဉ်း စည်းကမ်းများနှင့် လက်ရှိဆွေးနွေးဆဲ ဒိုဟာကုန်သွယ်ရေးဆွေးနွေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ကျင်းပရာပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် **(အပေါ်ပုံ)** နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr. Villur Sundarar- ajan Seshadri တို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားကြသည်။

ဆွေးနွေးပို့ချ

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာန ၁၅ ခုတို့မှ အရာထမ်း ၄၂ ဦး တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ India Institute of Foreign Trade မှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်နှစ်ဦးတို့က ဇူလိုင် ၁၄ ရက်အထိ ဆွေးနွေးပို့ချကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

MSI နိုင်ငံတကာပညာရေး စုံညီပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

Myanmar Search International (MSI) Education Consultancy Services Co.,Ltd.ကကြီးမှူး၍ နိုင်ငံတကာ ပညာရေးစုံညီပွဲကို Park Royal Hotel ရှိ Ball Room (1) နှင့် (2) တို့တွင် ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး Curtin University: Sarawak (Australia)၊ Taylor's University၊ Kaplan Higher Education Academy (Singapore)၊ PSB Academy၊ Webster University (Thailand) စသည့် နိုင်ငံခြားတက္ကသိုလ်များသို့ သွားရောက်ပညာသင်ယူမည့် ကျောင်းသားများ အတွက် ကြိုတင်ပြင်ဆင်ရမည့် အချက်အလက်များ၊ ၎င်းတို့ကျောင်းတက်နေစဉ်ကာလတွင်ကြုံတွေ့ရမည့် အကြောင်းအရာများကို ရှင်းလင်း ဆွေးနွေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပညာရေးစုံညီပွဲကို လာရောက်၍ ကျောင်းသားများ စိတ်ကြိုက်ဘာသာရပ်များအား ရွေးချယ်မေးမြန်းနိုင်သလို အလုပ်အကိုင်အခွင့်အလမ်းရရှိမှု လွယ်ကူသော ဘာသာရပ်များကိုလည်း သက်ဆိုင်ရာ ကျောင်းများမှ တိုက်ရိုက် ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်သည်။ Science ဘာသာရပ်များ၊ Arts ဘာသာရပ်များနှင့် International Relation နှင့် Psychology ဘာသာရပ်များကိုအဓိကထား ဆွေးနွေးပေးမည်ဖြစ်သည်။ ပညာသင်ဆုများ လျှောက်ထားလိုသော ကျောင်းသားများအနေဖြင့် ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီ နောက်ဆုံးထားပြီး Myanmar Search International ပညာရေး ဝန်ဆောင်မှု အမှတ်၂၃၄ ဒုတိယထပ်(ယာ)ရွှေဘုံသာအလယ်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၀၉၂၉၊ ၀၁-၃၈၉၉၁၅နှင့် ၀၉-၅၁၀၃၉၁၅တို့ ထံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လေးမျက်နှာမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ ရက်က လှော်ကထားတိုက်နယ် ဆေးရုံဝင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇေလှ၊ သစ်တောဦးစီးအရာရှိ ဦးစိုးတင့် ၊ အမှုဆောင်အရာရှိ ဦးငွေလှိုင်နှင့် ဒေသခံပြည်သူများသစ်ပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် (အဖိတ်နေ့)
၁၄-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) (တရားဦးရတနာ ဓမ္မစကြာနှင့် ဓမ္မဒူတမိန့်ခွန်းတော်) (ဣန္ဒာဆွေ စီစဉ်ရေးဖွဲ့ ပူဇော်သည်)
၈:၀၅	၅။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၈:၁၅	၆။ သံသာချိုအေးမင်္ဂလာတေး
၈:၃၀	၇။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၄၀	၈။ International News
၈:၄၅	၇။ ဓမ္မပူဇာတေးအစီအစဉ်

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅	၂။ တေးဂီတအစီအစဉ်
၄:၁၀	၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၂၀	၄။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု)[အထက(၁)ဒဂုံ] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၄၀	၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄:၅၅	၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၁၀	၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅:၂၅	၉။ ဝါဆိုလဘွဲ့တေးများ
၅:၄၅	၁၀။ ပြည့်ဝစုံလင် လာစေချင်
၆:၀၀	၁၁။ ညနေခင်းသတင်း
၆:၁၅	၁၂။ မိုးလေဝသအခြေအနေ
၆:၂၀	၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၅၈)
၆:၃၅	၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀	၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြုံကြုံဖန်ဖန်အမွေဆိုင်**(အပိုင်း-၉)
၈:၀၀	၁၆။ ပြည်တွင်းသတင်း
	၁၇။ နိုင်ငံတကာသတင်းများ
	၁၈။ မိုးလေဝသအခြေအနေ
	၁၉။ မိုးလယ်ကာလ မိုးလေဝသဖြစ်စဉ်များ [ဦးသန်းလွင်၊ဦးချစ်ကျော် (လက်ထောက်ညွှန်ကြားရေးမှူး) မိုးလေဝသနှင့်ဇလဗေဒ ဦးစီးဌာန]
	၂၀။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
	၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၁၃)
	၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၇၆)

◆ ရှေ့ဖုံးမှ

ကြွရောက်တော်မူကြပြီး ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံတော်သမ္မတရုံးနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက အခမ်းအနားကို "နမောတဿ"သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဓမ္မိကာရာမကျိုက်ပိကျောင်း ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏေသနထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဝါဆိုသင်္ကန်းကပ်လှူ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီရိန္ဒထံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ကိုးပါးသီလ ခံယူဆော...

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒု... ဒေသကြီး ရန်ကင်းမြို့နယ် ဓမ္မိကာရာမကျိုက်... ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇော... ဘဒ္ဒန္တဂုဏေသနထံမှ နိုင်ငံတော်သမ္မတ ဦးသိ... နှင့် ဧည့်ပရိသတ်များ ကိုးပါးသီလ ခံယူဆော...

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြ... လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသ...

ယင်းနောက် ဆရာတော်၊ သံဃာတော်... အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေ... ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်...

ကိုးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဓမ္မိကာရာမကျိုက်ပိကျောင်း ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏေသနထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ရွတ်ပွားသရဇ္ဈာယ်

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထံ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြစည်းခုံ စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြစည်းခုံစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသထံ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စစ်ကိုင်းစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စစ်ကိုင်းစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရ...
အလုပ်ရုံဆွေးနွေးပွဲ ကျ...

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းက ဦးဆောင်၍ ဩဂုတ် ၂၃ ရက် မှ ၂၅ ရက်အထိ (နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ) IFRS for SMEs Training for Trainers Workshop အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ပြီး Mr. Paul Pacter, SME IG and IASB Member, နှင့် Ms. Winnie Chan, Technical Training and Support Associate Director of Hongkong Institute of Certified Public Accountants တို့က Workshop Facilitators များအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

အထက်ပါဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို စိတ်ပါဝင်စားသူ

ကိုးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဓမ္မိကာရာမကျိုက်ပိကျောင်း ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဧည့်ပရိသတ်များ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

...ယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များထံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီရိန္ဒထံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံးတို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

...ဒေသကြီး တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ...ဘဒ္ဒန္တပဏ္ဍာဝံသထံ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ...လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ဓဇဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ တရားဦးဓမ္မစကြာ တရားတော် (အပိုင်း-၁) ဆရာတော် အရှင်ပညာသီဟာဘိဝံသ
- ၆:၄၀ ပူဇော်လှူဒါန်းကြာသကာန်း
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၄)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆)
- ၈:၅၅ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
- ၉:၁၀ ငွေရတုတိုင်ခဲ့ပြီ သူနာပြုတက္ကသိုလ်(ရန်ကုန်)သည်
- ၉:၂၅ Callaway ၏ Demo Day
- ၉:၃၅ ရန်ကုန်မြင်ကွင်းကျယ် (ရွှေသီလကွန့် နွေရာသီသင်တန်း)
- ၁၀:၀၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ (မေတ္တာနဲ့ လျှောက်လှမ်း မင်္ဂလာပရဟိတသင်တန်း) (တွံတေးပရဟိတသင်တန်း)
- ၁၀:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၅၅ The Champion of Dance
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဂျက်မ"
- ၁၂:၃၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း) (အပိုင်း -၁)
- ၁:၀၀ **တရားဦးဓမ္မစကြာ** တရားတော် (အပိုင်း -၁) ဆရာတော် အရှင်ပညာသီဟာဘိဝံသ
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Quiz Idol
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၄)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆)
- ၅:၀၅ ထန်းသမားတို့ဘဝ
- ၅:၂၅ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာ (၇) ကျမ်း သာသနာပြုမှတ်တမ်း
- ၅:၃၅ Sun Moon Space Travels & Tours Co.,Ltd. မြန်မာပြည်အနှံ့ ခရီးသွားလုပ်ငန်းဖွင့်ပွဲ
- ၅:၄၅ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့မှ သီတဂူ စက္ခုဒါနအောင်ပွဲ
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၅)
- ၇:၀၅ Style ရှိမှ Star ဖြစ်မယ်
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ ဝါဆိုလ၏ ကောင်းမှုကုသိုလ်ပွဲ
- ၈:၄၀ စကားနပန်း **အတတ်ပညာရှိတာ ကောင်းတယ်၊ အသိပညာရှိတာ ကောင်းတယ်**
- ၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇)
- ၁၀:၃၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ) (အပိုင်း-၂)
- ၁၁:၀၅ **တန်ဖိုး** မင်းသူ၊ ရဲသီဟကို၊ သီတာသိမ့်၊ ဖွန်ခြူးအိမ်၊ အကယ်ဒမီဇော်ဦး (ဒါရိုက်တာ- အကယ်ဒမီမောင်တင်ဦး)
- ၁၂:၃၅ အားကစားမြင်ကွင်းစုံ
- ၁:၀၀ အနုပညာမိုးကောင်းကင်
- ၁:၂၀ ဂီတသရုပ်ပြခန်း (ဝင်းပိုင်-အိပ်မက် မက်ခွင့်ပေးပါ)
- ၁:၄၅ ဖွံ့ဖြိုးဝေဆာသပြေတန်းရွာ ခြွေလှေ့စက်လက်မှုပညာ
- ၁:၅၀ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလား ဥသဖရား) (အပိုင်း-၁)
- ၂:၂၀ Movie Mistakes (Mr And Mrs Smith)
- ၂:၄၅ Shooting Location (မစန္ဒာအိမ်)
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ ဆန်းသစ်အလှတိုးရွှေချည်ထိုး
- ၄:၂၀ မဇ္ဈိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာ
- ၄:၄၀ သက်ဝင်လှုပ်ရှားရသ ရုပ်လုံးရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
- ၄:၄၅ မိုးကောင်းသောင်ရမ်းကျောင်း မှတ်တမ်း

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပခုက္ကူတက္ကသိုလ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

ပခုက္ကူတက္ကသိုလ် ၂၀၁၁ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီတွင် အဆိုပါတက္ကသိုလ်၏ ပင်မဆောင် အရှေ့ဘက်ခြမ်း၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် တက်ရောက်အားပေးပြီး ရင်းမာပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုးပေး

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပခုက္ကူတက္ကသိုလ် အနေဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပိတောက်၊ ကုက္ကို၊ တမာ၊ မဲဇလီနှင့် ရင်းမာ စုစုပေါင်း အပင် ၅၀၀ ကို စိုက်ပျိုးပြီးဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ) နှင့် နည်းပညာတက္ကသိုလ်(ပခုက္ကူ) ပင်မဆောင်ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ဆင်ချောင်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ကျင်းပသည့် ဆင်ချောင်းစံပြကျေးရွာ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး သရက်ပင်ကို စိုက်ပျိုးပေးသည်။ ဆင်ချောင်းစံပြကျေးရွာအနေဖြင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် သရက်၊ ကုက္ကို၊ မဲဇလီ၊ ပိန္နဲ၊ လက်ပံ၊ တမာနှင့် မန်ကျည်း စုစုပေါင်းအပင် ၁၁၅၀ ကို စိုက်ပျိုးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့နယ် မြေခဲတောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ သဲတောကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် ဆင်ချောင်းစံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတို့၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုကာ အားပေးစကားပြောကြားပြီး ဆရာ ဆရာမများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

(သတင်းစဉ်)

ဝါဆိုလပြည့်နေ့နှင့် အာဇာနည်နေ့ လှော်ကားဥယျာဉ် တိုးမြှင့်ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၁၃

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရှိပြီး ဇူလိုင် ၁၅ ရက်(ဝါဆိုလပြည့်နေ့) နှင့် ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့) တို့တွင် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းက ဦးဆောင်၍ ဩဂုတ် ၂၃ ရက် မှ ၂၅ ရက်အထိ (နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ) IFRS for SMEs Training for Trainers Workshop အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ပြီး Mr. Paul Pacter, SME IG and IASB Member, နှင့် Ms. Winnie Chan, Technical Training and Support Associate Director of Hongkong Institute of Certified Public Accountants တို့က Workshop Facilitators များအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

အထက်ပါဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်နှင့် International Accounting Standard Board မှ အသိအမှတ်ပြု လက်မှတ်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း(ပထမထပ်)သို့ မှတ်ပုံတင်ကြေး ငွေကျပ် ၁၅၀၀၀၀ ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ နယ်မှလာရောက်ရသူများ အနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၂၁၄၆၅၃ သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဆင်ချောင်းစံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကော့ကရိတ်နှင့်ကြာအင်းဆိပ်ကြီးမြို့တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၃

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်းသည် ဇူလိုင် ၉ ရက်က ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား နှုတ်ဆက်အားပေးစကားပြောကြားကာ ထောက်ပံ့အလှူငွေများ ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံတက်ရောက် ကုသလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဆေးသိုလှောင်ရုံ၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သော ဆေးဝါးများပံ့ပိုးဖြည့်ဆည်းပေးကာ ဆေးပဒေသာပင်နှင့် အထွေထွေအသုံးပြုနိုင်ရေးအတွက် အလှူငွေများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံး၌ စက်များတပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၄ ရက်က ကလေးမြို့နယ် အင်ဒိုင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၈၂ ဦးတို့၏ နိုင်ငံသား စိစစ်ရေးကတ်ပြားများအား စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညီညီသိန်းဇံက ပေးအပ်ရာကျောင်းသားကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်ဟန် လက်ခံရယူစဉ်။ (မြန်မာ့အလင်း)

ကျောက်မဲ၌ မျိုးစေ့ချလက်တွေ့သရုပ်ပြ ကျင်းပ

ကျောက်မဲ ဇူလိုင် ၁၃

သိပ္ပံနည်းကျပေါင်းပျိုးစနစ်ဖြင့် မျိုးစေ့ချခြင်းလက်တွေ့သရုပ်ပြပွဲကို ဇွန် ၂၂ ရက်က ကျောက်မဲမြို့နယ် ဗူးခါးရွာရှိ တောင်သူ ဦးဆံသြ၏ ဦးပိုင်(၁၃)၊ ကွင်းအမှတ်(၈၁)၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က အမှာစကား ပြောကြားသည်။

မျိုးစေ့ချသရုပ်ပြ

ဆက်လက်ပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်က စပါးတစ်ဧက တင်း ၁၀၀နှုန်းအထက်ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်ကို တောင်သူများအား ရှင်းလင်းပြောကြားပြီး လက်တွေ့မျိုးစေ့ချသရုပ်ပြခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဇီးကုန်းမြို့နယ်၌ ကျင်းပ

ဇီးကုန်း ဇူလိုင် ၁၃

သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက် နံနက်က သပြေစိန်ကျေးလက်ဖွံ့ဖြိုးရေးလမ်းတွင်ကျင်းပရာ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ ခရိုင်သစ်တော ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးဆန်းဝင်း-၂နှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်၊ခရေ၊ ငုစပ်၊ ပျဉ်းမ၊ ယမနေ၊ ကံ့ကော်၊ မဟော်ဂနီ၊ ပိတောက်ပျိုးပင်စုစုပေါင်း ၂၅၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လှူ့မိတ်ဆွေ

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၃

သုတလွင်စာကြည့်တိုက်သစ် မိတ္ထီလာ၌ဖွင့်

မိတ္ထီလာမြို့ ကဖြူကျေးရွာ သုတလွင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၉ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းဇော်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်အေးတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ) ထို့နောက် ဦးတင်မိုး မိသားစုနှင့် အလှူရှင်များက စာအုပ်စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၁၄ ပေရှိ သွပ်မိုးအုတ်ကာ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ (၄၀၇)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်းပွဲ ထန်းတပင်၌ ကျင်းပ

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြား၍ သင်တန်းနည်းပြဆရာများ ဖြစ်ကြသော ဦးအုန်းကြည်၊ ဦးသန်းလွင်နှင့် ဦးကျော်စိုးမိုးတို့က သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ရွှေကူ၌ ခြင်ဆေးဖျန်း

ရွှေကူ ဇူလိုင် ၁၃

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရွှေကူမြို့ အထက(၁) ကျောင်းစာသင်ခန်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စန်းယု၊အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၇၃)

မိုးမိတ်အသင်း စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

မိုးမိတ်မြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် သာသနာ့ရာမိကကျောင်းတိုက် အမှတ် ၉၀ မင်းလမ်း ဆရာစံတောင် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ကြရန်နှင့် အလှူငွေများအား ဖုန်း-၀၁-၅၄၁၀၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

တာမွေမြို့နယ် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက်က မေတ္တာညွန့်ရပ်ကွက် ဒဂုံလွင်လမ်းမကြီးတစ်လျှောက်တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက လမ်းမကြီးတစ်လျှောက် သစ်ပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (၀၄၄)

မြန်မာ့အလင်း မှုခင်းသတင်း

နွားကျောင်းသားတစ်ဦး ဓားဒဏ်ရာဖြင့် သေဆုံး

တောင်တွင်းကြီး ဇူလိုင် ၁၃

တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာအုပ်စု ဆင်ချီတိုင်ကျေးရွာနေ မောင်သိန်းထွန်း ၁၆နှစ် (ဘ) ဦးစံရွှေသည် နွားကျောင်းသွားရာမှ နေအိမ်သို့ ပြန်ရောက်လာခြင်းမရှိသဖြင့် ဇူလိုင် ၁၁ ရက် ညနေ ၅ နာရီခွဲက လိုက်လံရှာဖွေရာ ရွာ၏တောင်ဘက် နှစ်ဖာလုံခန့်အကွာ ဝါးတက်ချောင်းဘေး လှည်းလမ်းပေါ်တွင် ဓားဒဏ်ရာဖြင့် သတိမေ့လဲကျနေကြောင်း ရာအိမ်မှူး ဦးအောင်ကြိုင်က ကုက္ကိုကုန်းရဲစခန်းသို့ တိုင်ကြားသဖြင့် ရဲစခန်းမှ တာဝန်ရှိသူများနှင့် ရာအိမ်မှူး ဦးအောင်ကြိုင်တို့အခင်းဖြစ်ပွားရာသို့ရောက်ရှိပြီး မောင်သိန်းထွန်းအားဆေးကုသရန် ခေါ်လာစဉ် လမ်းတွင် သေဆုံးခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက တရားခံကို ဖမ်းဆီးရမိရေးစုံစမ်းဖော်ထုတ်ရာ တစ်ရွာတည်းနေ ကိုနေ (ခ)အောင်နေ ၂၆ နှစ်(ဘ) ဦးတင်မြအား ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီခန့်တွင် ဖမ်းဆီးရမိပြီး ကုက္ကိုကုန်းရဲစခန်းက ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရှိရသည်။(၁၁၇)

သစ်ပင်တက်ခုတ်ရာမှ ဓာတ်လိုက်သေဆုံး

မိတ္ထီလာ ဇူလိုင် ၁၃

မိတ္ထီလာမြို့ ရှမ်းတဲကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ဦးနေမျိုးအောင် ရေသန့်စက်ရုံတစ်ရုံမှ အလုပ်သမား ဇော်ထက် အသက်(၂၀)သည် ဇူလိုင် ၉ ရက်ညက စက်ရုံဝင်းအတွင်းရှိ သစ်ပင်အား သစ်ကိုင်း တက်ခုတ်ရာ ဓာတ်ကြိုးပြုတ်ကျပြတ်သွားသဖြင့် ကြိုးပြန်ဆက်ရန်ကိုင်လိုက်ရာမှ ဓာတ်လိုက်သေဆုံးသွားခဲ့သည်။ ဓာတ်လိုက်သေဆုံးမှုကို သက်ဆိုင်ရာရဲစခန်းက သေမှုသေခင်းအဖြစ် အမှုဖွင့်ထားကြောင်း သိရှိရသည်။ (၀၁၂)

မြန်မာ့အလင်း စာအုပ်ခင် ၁၃-၇-၂၀၁၁

မြတ်နိုးချစ်ခင်မအူပင်နှင့် အမှတ်တရစာစုများစာအုပ်ဖြန့်ချိ

စာရေးဆရာ ဒေါက်တာမျိုးသန့်တင် ရေးသားသည့် မြတ်နိုးချစ်ခင် မအူပင်နှင့် အမှတ်တရစာစုများစာအုပ် ချမ်းသာစာပေမှ ထုတ်ဝေလိုက်သည်။

အဆိုပါ စာအုပ်တွင် စာရေးသူက မွေးရပ်မြေ မအူပင်မြို့ကို အကြောင်းပြု၍ရေးဖွဲ့ထားသော အလွမ်းပြေစာစုများကို စုစည်းဖော်ပြထားသည်။ မအူပင်သူ မအူပင်သားများ လေ့လာခံစားနိုင်ရန်ရေးသားထားခြင်းဖြစ်ကြောင်းကိုလည်း စာရေးသူကဉ်း၏အမှာစာတွင် ဖော်ပြထားသည်။ အဆိုပါ စာအုပ်ကို ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ခတ္တိယ စာပေ ဖုန်း-၂၂၄၀၅၂သို့ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရှိရသည်။ (မြန်မာ့အလင်း)

နှလုံးသွေးတိုးရောဂါအကြောင်း သိကောင်းစရာများ ကျန်းမာရေးစကားဝိုင်းစာအုပ် ထုတ်ဝေဖြန့်ချိ

တိုင်းရင်းဆေးပညာရှင် နှစ်ဦးဖြစ်သည့် ဒေါက်တာဆရာမြင့်(စကြာမင်း)နှင့် ဆရာမ မေမြင့်သူဇာတို့ ဝိုင်းဖွဲ့ဆွေးနွေးတင်ပြထားသော "ကျန်းမာရေးစကားဝိုင်း" စာအုပ်ကို မြင့်မြတ်မြန်မာစာပေမှ ထုတ်ဝေလိုက်သည်။

အဆိုပါစာအုပ်တွင် နှလုံးရောဂါအကြောင်း သိကောင်းစရာများ၊ နှလုံးရောဂါကြိုတင်ကာကွယ်တားဆီးရေးနည်းလမ်းများ၊ နှလုံးရောဂါ၏ လက္ခဏာများနှင့် ကုထုံးဆေးဝါးများ၊ သွေးတိုးရောဂါအကြောင်း သိကောင်းစရာများ၊ ကလေးသူငယ်များနှင့် သွေးတိုးရောဂါ၊ သွေးတိုးရောဂါကုထုံးဆေးဝါးများ၊ သတိပြုစရာသွေးတိုးရောဂါ၊ အစာအာဟာရနှင့် သွေးတိုးရောဂါ၊ သွေးတိုးရောဂါအတွက် ဆေးနည်းများစသည်တို့ကို ဖော်ပြထားသည့်အပြင် နှလုံးရောဂါ၊ သွေး တိုးရောဂါတို့ကို စိတ်၊ စေတသိက်၊ နေရာဒေသရာသီဥတု၊ အစာအာဟာရ၊ ဆေးဝါးဓာတ်စာတို့ဖြင့် ကာကွယ်ကုသခြင်းများကို ရေးသားဖော်ပြထားခြင်းကြောင့် မိသားစုတိုင်း၊ ကျန်းမာလိုသူတိုင်း ဝိုင်းဖွဲ့ဖတ်မှတ်ဆောင်ထားသင့်သော ကျန်းမာရေးပညာပေး စာအုပ်တစ်အုပ်ဖြစ်သည်။ အဆိုပါစာအုပ်မှာ တန်ဖိုးငွေကျပ်၂၀၀၀ ဖြင့် ရန်အောင်စာပေ ဖုန်း-၇၂၂၅၇၂၊ ၀၉-၅၁၇၉၃၉၈မှ တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ကော့မှူးမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၇ နာရီတွင် လက်ခိုက်ကျေးရွာ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ သစ်တောဦးစီးမှူး ဦးဇော်ဇော်နိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ မဟော်ဂနီ၊ စိန်ပန်း၊ ပျဉ်းမ၊ ယူကလစ်၊ အော်ရီးရှား၊ မန်ကျည်းရှား စုစုပေါင်းအပင် ၁၁၀၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(ယာပုံ)**

ကော့မှူးမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၁ခုနှစ် မိုးရာသီအတွင်း တစ်အိမ်ထောင် ကျွန်းသုံးပင်အပါအဝင် အရိပ်ရလေကာပင် စုစုပေါင်း အပင် ၃၆၀၀၀ကို လူထုအတွင်း ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၃

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်) အမြင့်ဆုံး	အပူချိန်(စင်တီဂရိတ်) အနိမ့်ဆုံး	မနက်ဖြန်အတွက် ခန့်မှန်းချက်	မနက်ဖြန်အတွက် ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၃	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီး	၈၀%
၂	ကယားပြည်နယ်	၂၉	၂၁	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၃၄	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၅	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီး	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၇	၂၈	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီး	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၃	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၅	၁၉	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၁	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၅	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပဲခူးမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ မချမ်းဘောမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၆၃ လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၇၇ လက်မနှင့် တမူးမြို့တွင် ၁ ဒသမ ၆၉ လက်မတို့ ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နိုင်ငံတကာသတင်းအတိုအထွာ

ကောင်းမြတ်သူ – စုစည်းသည်

အမေရိကန်နိုင်ငံသားနှစ်ဦး ဖိလစ်ပိုင်၌ ပြန်ပေးဆွဲခံရ

မနီလာ ဇူလိုင် ၁၃

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း တက်တာဘွန်ကျွန်း အပန်းဖြေစခန်း၌ ဇူလိုင် ၁၂ ရက်က အမေရိကန်နိုင်ငံသားနှစ်ဦးနှင့် ယင်းတို့၏ဆွေမျိုးများကို သေနတ်သမားဂိုဏ်းအဖွဲ့တစ်ဖွဲ့က ပြန်ပေးဆွဲသွားခဲ့ကြောင်း၊ အဆိုပါအဖွဲ့တွင် သေနတ်သမား ၁၄ဦးပါဝင်ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ဆိုမာလီပြည်သူများ မြို့တော်ကိုစွန့်ခွာကြပြီ

မိုဂါဒစ်ရှူး ဇူလိုင် ၁၃

ဆိုမာလီယာနိုင်ငံ၌ မိုးခေါင်မှုနှစ်နှစ်ဆက်တိုက်ကြုံနေရပြီး ပြည်သူတို့ စားနပ်ရိက္ခာပြတ်လပ်မှုကြုံနေရသဖြင့် ထောင်ပေါင်းများစွာသောပြည်သူများ မြို့တော်မိုဂါဒစ်ရှူးမှ ဒုက္ခသည်စခန်းများဆီသို့ ထွက်ခွာနေကြပြီဖြစ်ကြောင်း ဇူလိုင် ၁၃ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

မင်္ဂလာပွဲအတွင်း ထရပ်ကားနှစ်စီးဝင်တိုက်

ဂျကာတာ ဇူလိုင် ၁၃

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဂျာဗားကျွန်းပေါ်ရှိ ဆန်ဘာရီဂျီကျေးရွာ၌ ဇူလိုင် ၁၂ ရက် ညပိုင်းက လက်ထပ်မင်္ဂလာအခမ်းအနားကျင်းပနေသည့် မဏ္ဍပ်ကို ထရပ်ကားနှစ်စီးက ဝင်တိုက်ခဲ့သဖြင့် ၁၆ ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ဇူလိုင် ၁၃ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၉၇ ဒသမ ၀၇
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၄၀
၃။	ရွှေ	တစ်အောင်စ	၁၅၇၆ ဒသမ ၉၁
၄။	ငွေ	တစ်အောင်စ	၃၇ ဒသမ ၀
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၃၉
၆။	ပလက်တီနမ်	တစ်အောင်စ	၁၇၆၅ ဒသမ ၀၀

ဇူလိုင် ၁၃ ရက် မြန်မာ့ရွှေဈေးကွက်

ရွှေ	တစ်ကျပ်သား(အခေါက်)	ကျပ် ၆၆၀၅၀၀
ရွှေ	တစ်ကျပ်သား(၁၅ပဲရည်)	ကျပ် ၆၂၀၀၀၀
ရွှေ	တစ်ကျပ်သား(၁၄ပဲရည်)	ကျပ် ၅၇၈၀၀၀

မြန်မာ့အလင်း

နိုင်ငံတကာအားကစား

မြင့်မောင်စိုး–ရေးသားသည်

အမျိုးသမီးကမ္ဘာ့ဖလား အမေရိကန်ဗိုလ်လုပွဲတက်

ဘာလင် ဇူလိုင် ၁၃

၂၀၁၁ အမျိုးသမီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ဇူလိုင် ၁၃ ရက် ညပိုင်းက ဂျာမနီနိုင်ငံ၌ အမေရိကန်အမျိုးသမီးအသင်းနှင့် ပြင်သစ်အမျိုးသမီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ အမေရိကန်အမျိုးသမီးဘောလုံးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အမေရိကန်အသင်းအတွက် အဖွင့်ဂိုးကို ချီနေးက ပွဲစပြီး ကိုးမိနစ်အကြာ ဘယ်တောင်ပံမှ ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို လှလှပပ ပိတ်ပြီးသွင်းယူလိုက်သည်။ ဒုတိယပိုင်းတွင် ပြင်သစ်တို့ ချေပဂိုးရရှိရေး တန်ပြန်တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၅၅ မိနစ်တွင် ဘွန်ပါစတာက သွင်းယူခဲ့သည်။ ဒုတိယပိုင်းပြီးခါနီးတွင် အမေရိကန်အမျိုးသမီးအသင်းက လျှပ်တစ်ပြက်တိုက်စစ်ဆင်လာပြီး ဝမ်ဘက်**(အောက်ပုံ)**က ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ တတိယအနိုင်ဂိုးကို လူစားဝင်လာသူ မော်ဂမ်က ပွဲချိန် ၈၂ မိနစ်တွင် သွင်းယူပေးခဲ့သည်။ **(အင်တာနက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကမ္ဘောဇသာဒီ ရွှေနန်းတော်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီ ရွှေနန်းတော်အတွင်း ကြည့်ရှုလေ့လာစဉ်။
(သတင်းစဉ်)

လာအိုနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့

ပဲခူးမြို့သို့ သွားရောက်လေ့လာပြီး ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၃

ချစ်ကြည်ရေးခရီးလည်ပတ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရန်ကုန်မြို့၌ ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Nilahath Sayarath၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းတရားကြီးစိုးစံခဲ့သည့် ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘောဇသာဒီ ရွှေနန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ကမ္ဘောဇသာဒီ ရွှေနန်းတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့မှတစ်ဆင့် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဧည့်သည်တော် ဝန်ကြီးချုပ်သည် ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၅ ကော်လံ ၅ ❖